## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၈. ၃. ၂၀၁၈) ရက်နေ့တွင် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာ မြေဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်း ပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဦးခိုင်ညီညီကျော်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ရပ်စောက် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပြီး **"ရှမ်းပြည်နယ်အတွင်း တောင်သူ လယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ လျှောက်ထားရာတွင်မရရှိသဖြင့်ဥပဒေတွင်သတ်မှတ်ထားသော ကာလအတွင်းအမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင် အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံ၏ လူဦးရေ(၇၀) ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသနေပြည်သူ များဖြစ်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ တစ်နည်း အားဖြင့် တောင်သူဦးကြီးများမှာ အခြေခံလူတန်းစားများ ဖြစ်ကြပါတယ်။ အဆိုပါလူတန်းစားများ၏ ဘဝအခြေခိုင်မာရန် အမှန်တကယ် လိုအပ်လျက်ရှိပါတယ်။ တောင်သူများ၏ လယ်ယာမြေများကို ဥပဒေပါ အခွင့်အရေးများအတိုင်း အမြန်ရရှိစေရေးကို ရည်ရွယ်၍ ယခုအဆိုကို တင်သွင်းရကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ ကျွန်တော့်အနေဖြင့် မိမိမဲဆန္ဒနယ်အတွင်းသို့ ကွင်းဆင်းဆောင်ရွက်သည့်အခါတိုင်းတွင် တောင်သူလယ်သမား အများစုသည် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)မရရှိသေးကြောင်း တင်ပြသည်ကို မကြာခဏတွေ့ကြုံရပါတယ်။ သက်ဆိုင်ရာ လယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို မေးမြန်းရာတွင် ဌာနတွင် ကွင်းအမှတ်၊ ဦးပိုင်အမှတ်များရှိပြီး တောင်သူလယ်သမားများသည်လည်း မြေခွန်၊ ယာခွန်ဆောင်၍ ဥပဒေနှင့်အညီ လုပ်ဆောင်နေသည်ကိုလည်း တွေ့ရှိရပါတယ်။ ပုံစံ(၇)ရရှိရန် အတွက် သက်ဆိုင်ရာလယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနသို့ ပုံစံ(၁) လျှောက်ထားရာတွင် နှစ်ချီ၍ကြာ နေကြောင်း၊ မည်သည့်အဆင့်တွင် မည်သို့ကြန့်ကြာနေသည်ကို မသိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များထံသို့ တင်ပြမှုများ မကြာခဏမြင်တွေ့ရပါတယ်။ ကျွန်တော်၏ မြို့နယ်ကဲ့သို့ အခြား မြို့နယ်ရှိ တောင်သူများသည်လည်း လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ (၇)မရရှိကြကြောင်း၊ အခက်အခဲများစွာ တွေ့နေရကြောင်းကိုလည်း ကြားသိနေရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စိုက်ပျိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးလျက်ရှိသော စိုက်ပျိုး စရိတ်ချေးငွေသည် ပုံစံ(၇)ရရှိသည့် တောင်သူများကိုသာ ထုတ်ချေး လျက်ရှိပြီး ပုံစံ(၇)မရရှိသည့် တောင်သူများကိုမပေးသည့်အတွက် အခွင့်အရေး ဆုံးရှုံးလျက်ရှိပြီး အသေးစားလုပ်ငန်း ဖြစ်သော SME ချေးငွေများကိုလည်း ပုံစံ(၇)ရရှိမှသာ ထုတ်ချေးသည့်အတွက်အခွင့်အရေးများ

ဆုံးရှုံးနေရကြောင်းကို တွေ့ရှိရပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ အခန်း(၂)၊ ပုဒ်မ ၄ တွင် လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိရန် သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဟုပြဋ္ဌာန်းထားပါတယ်။ လယ်ယာမြေနည်းဥပဒေ အခန်း(၂)၊ အပိုဒ်(၅)တွင် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် နည်းဥပဒေ (၃)သို့မဟုတ် (၄)အရ လျှောက်ထားလာသော လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာများကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ စိစစ်ထောက်ခံချက် ပေးရပါတယ်။ နည်းဥပဒေအပိုဒ်(၆) အပိုဒ်ခွဲ(က)တွင် မြို့နယ်ဦးစီးဌာနရုံးသည် လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာ လယ်ယာမြေလုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်ရန် ပုံစံ(၂)ဖြင့် ကြော်ငြာရမှာဖြစ်ပါတယ်။ ယင်းအပိုဒ်၏ အပိုဒ်ခွဲငယ်(ဂ)အရ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်း ဖော်ပြရပါမယ်။ နည်းဥပဒေအပိုဒ်(င)၊ အပိုဒ်ခွဲငယ်(ဃ)မှာ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အရ ကန့်ကွက်ချက် တစ်စုံတစ်ရာရရှိလျှင် မြို့နယ်ဦးစီးရုံးသည် ယင်းကန့်ကွက်ချက် ရရှိသည့်နေ့မှစ၍ သာမန်အားဖြင့်(၇)ရက် အတွင်း ကျေးရွာအုပ်စု လယ်ယာမြေခန့်ခွဲမှုအဖွဲ့သို့ စုံစမ်းစစ်ဆေးတင်ပြရန် အကြောင်း ကြားရမှာ ဖြစ်ပါတယ်။ အပိုဒ်ခွဲငယ်(ခ)တွင် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အကြောင်းကြားစာ ရရှိသည့်နေ့မှ (၇)ရက်အတွင်း စုံစမ်းတွေ့ရှိ ချက်ကို တင်ပြရမှာဖြစ်ပါတယ်။ နည်းဥပဒေအပိုဒ် (၁၁)အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု တင်ပြလာသည့် လယ်ယာမြေလုပ်ကိုင် ခွင့်စာတွဲကို လက်ခံရရှိသည့်နေ့မှ (၇)ရက်အတွင်း သဘောထား မှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရမှာ ဖြစ်ပါတယ်။ နည်းဥပဒေ(၁၂)အရ ခရိုင်မြေယာစီမံခန့်ခွဲမှုအဖွဲ့သည် တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့်စာတွဲကို လက်ခံရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ လယ်ယာမြေ လုပ်ကိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုကြောင်း (သို့မဟုတ်) ငြင်းပယ်ကြောင်းဆုံးဖြတ်ပြီး မြို့နယ် ဦးစီးဌာနရုံးသို့ (၁၅)ရက်အတွင်း ဆောင်ရွက်ရမည်ဟု အဆင့်ဆင့် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။လယ်ယာမြေလုပ်ပိုင် ခွင့်ပုံစံ (၇)ရရှိရန် လျှောက်ထားချက်များကို အကျဉ်းချုပ်တင်ပြရလျှင်-

- (က) ကျေးရွာအုပ်စုလယ်/စီအဖွဲ့တွင် လျှောက်ထား သည့်နေ့မှ ရက်ပေါင်း(၃၀)ရက်၊
- ( ခ) မြို့နယ်ဦးစီးဌာနရုံးတွင် လက်ခံရရှိပြီး(၁၅)ရက်၊
- ( ဂ) မြို့နယ်ဦးစီးဌာနရုံးတွင်ကန့်ကွက်လွှာ ခေါ်ရမည့် ရက် (၃၀)ရက်၊
- (ဃ) ကန့်ကွက်လွှာရရှိပါက ကျေးရွာအုပ်စု လယ်/စီသို့ စိစစ်ရန်(၇)ရက်၊
- ( င) ကျေးရွာအုပ်စု လယ်/စီမှ စိစစ်ပြီး မြို့နယ်ဦးစီးဌာန သို့ပို့ရန်(၇)ရက်၊
- ( စ) မြို့နယ်ဦးစီးဌာနမှ မြို့နယ်လယ်/စီသို့ စိစစ်ရန် (၃၀)ရက်၊
- (ဆ) မြို့နယ်လယ်/စီအဖွဲ့မှ ခရိုင်လယ်/စီအဖွဲ့ သို့ တင်ပြရန်(၇)ရက်၊
- ( ဇ) ခရိုင်လယ်စီမှ မြို့နယ်လယ်စီသို့ စိစစ်ပြီး အကြောင်းကြားရန်(၁၅)ရက်၊

အစရှိသဖြင့် အပြီးဆောင်ရွက်ရမည်ဖြစ်သောကြောင့် ရက်ပေါင်း(၁၄၁)ရက်၊ လပေါင်း(၃)လနှင့်(၂၁)ရက်သာ အများဆုံး ကြာမြင့်မှာကို တွေ့ရှိရမှာဖြစ်ပါတယ်။ သို့သော်လည်း မဲဆန္ဒရှင် တောင်သူများ၏ တင်ပြချက်အရ တောင်သူများသည် ပုံစံ(၇) လျှောက်ထားရာတွင် (၂)နှစ်၊ (၃)နှစ်ကြာပြီဖြစ်သော်လည်း ယခုထိ မရရှိသေးသည်ကို တင်ပြလာကြပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်။ ၂ ဖြင့် ပြဋ္ဌာန်းပြီး ဖြစ်သည့် နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ အခန်း(၂)၊ ပုဒ်မ ၂ တွင် “ နိုင်ငံသားတိုင်းသည် အခြေခံ ဥပဒေပါ အခွင့်အရေးများကိုလည်းကောင်း၊ ရှိရင်းစွဲဥပဒေများပါ

အခွင့်အရေး များကိုလည်းကောင်း အပြည့်အဝ ရရှိစေရမည်။”

အခန်း(၄)၊ ပုဒ်မ ၁၁ တွင် “ ယင်းဥပဒေ၏ ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်သည် မိမိ၏လုပ်ပိုင်ခွင့် ဘောင်အတွင်း နိုင်ငံသားတိုင်း၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် စောင့်ရှောက်ပေးရမည်” ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်။ ၃၂ တွင် ပြဋ္ဌာန်းထားသည့် တောင်သူ လယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၃(က)တွင် “အရင်းအနှီး ရရှိစေရန် တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူ ပြုရန်”၊ ပုဒ်မ ၅ (ည)တွင် တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချ ရေးတို့နှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက် ပေးခြင်းနှင့် အကာအကွယ်ပေးရမည်” စသည်ဖြင့် ၎င်းတို့၏ အကျိုးစီးပွားအတွက် ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၈)၊ ပုဒ်မ ၃၄၇ တွင် “နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ် ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်”ဟုပြဋ္ဌာန်းပါရှိသည့် အတွက် ကျွန်တော်၏**“ရှမ်းပြည်နယ်အတွင်း တောင်သူ လယ်သမားများ၏ အကျိုးစီးပွားကိုမျှော်ကိုး၍ လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေနှင့် အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ် ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက် ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အားတိုက်တွန်းကြောင်း”**အဆိုကိုလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြ ဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ (ခ)စိုင်းယဉ်၊ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက် မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ “ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း” အဆိုကို ကျွန်တော် လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုင်းကျော်ဇေယျ (ခ)စိုင်းယဉ်မှ လက်ခံဆွေးနွေးရန် သင့်ပါကြောင်း ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အဆိုကိုပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း(သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခိုင်ညီညီကျော် တင်သွင်းသောအဆိုကို လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူ သည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခိုင်ညီညီကျော်ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် တင်သွင်းတဲ့အဆိုကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက် (ကြာသပတေး နေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ (၂၉. ၃. ၂၀၁၈)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏အကျိုးစီးပွားကိုမျှော်ကိုး၍လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကို၂၀၁၂ခုနှစ်၊လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင်မရရှိသဖြင့် ဥပဒေတွင်သတ်မှတ်ထားသော ကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးထားပါတယ်။

ပထမဦးစွာ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်း ကအဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဤအဆိုသည် ရှမ်းပြည်နယ်အတွင်းရှိ (၇၀%)ခန့်သော အခြေခံလူတန်းစားများဖြစ်သည့် တောင်သူလယ်သမားတို့၏ ဘဝမြှင့်တင်နိုင်ရေး၊ အကျိုးစီးပွားရှိလာစေရေးအတွက် အလွန်ပင် အရေးကြီးလှသော အဆိုတစ်ခုဖြစ်ပါတယ်။ တောင်သူလယ်သမားတို့၏ ဘဝမြင့်မားလာစေရန် ခေတ်အဆက်ဆက်အစိုးရများက ကြိုးစားလုပ်ဆောင်ပေးမည်ဟု ကြွေးကြော်နေခဲ့ပါသော်လည်း လက်တွေ့တွင် အထင်နှင့်အမြင် လွဲချော်မှုများစွာ ရှိနေသည်မှာ အမှန်တကယ်ပင်ဖြစ်ပါတယ်။

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကိုဖိုးရှမ်းဆိုသော တောင်သူတစ်ဦး လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ရရှိလိုသောကြောင့် လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ဖူးသော်လည်း (၁)နှစ်ကြာသည်အထိ မရရှိသေးကြောင်း၊ မိမိ လွှတ်တော် အစည်းအဝေးလာခါနီးတွင်မှ သိရှိခဲ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် ကူညီဆောင်ရွက်ပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးနှင့် ဆင်ခြေပေးကာ ရှောင်လွှဲနေကြသည်မှာ စိတ်မချမ်းမြေ့စရာပင်ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့၏ မိုးမိတ်မြို့နယ်၌ မြို့ပေါ်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၂၈)ခုနှင့် ဖွဲ့စည်းထားပြီး ဧရိယာအကျယ်အဝန်းမှာ (၆၆၂၃၇)ဧကရှိကြောင်း၊ စိုက်ပျိုးမြေ (၃၆၁၈၇) ဧကရှိကြောင်း သိရှိရပါတယ်။ မြို့နယ်၏ အကျယ်ဆုံး အုပ်စုမှာ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုဖြစ်ပြီး ကျေးရွာခွဲပေါင်း (၁၀) ရွာပါဝင်ပါတယ်။ ၎င်းတို့ထဲမှ ဝဲပေါင်းရွာတွင် စိုက်ပျိုးမြေ ဧရိယာ(၁၀၀၀၀)ကျော်ခန့်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ၎င်းဒေသရှိ တောင်သူများသည် ကြံ၊ ပဲပုတ်၊ ပဲကြီး၊ နှမ်းစသည့် သီးနှံများကို

စိုက်ပျိုးကြပြီး၊ ပဲပုတ်သီးနှံကို အဓိက စိုက်ပျိုးကာ မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ကုန်အဖြစ် တင်ပို့နေကြ ကြောင်းလည်း မြင်တွေ့ရပါတယ်။

ဝဲပေါင်းရွာရှိ စိုက်ကွင်းများမှာ ရေအေးကွင်း၊ သာလည်း တောကွင်း၊ ငှက်ပျောတော၊ သရက်ပင်ကျိုးကွင်း၊ ပြောင်းကောက်၊ မိညိုတောင်၊ ပင်းဟတ်များနှင့် ကျစ်ဖြူ စသည့်ကွင်းများစွာ ရှိ ကြောင်းလည်း သိရှိရပါတယ်။ မိုးမိတ်မြို့နယ် လက်ရှိစိုက်ပျိုး မြေအားလုံး၏ (၃ပုံ၁ပုံ)ခန့်သည် ဝဲပေါင်းရွာတွင် ရှိနေကြောင်း ထင်ရှားစွာမြင်တွေ့ရပါတယ်။ ၎င်းဒေသရှိ တောင်သူများသည် လွန်ခဲ့သော နှစ်များစွာကတည်းက စိုက်ပျိုးထွန်ယက်စားသောက် နေထိုင်လာခဲ့ကြသော်လည်း ယခုအချိန်အထိ လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ (၇)ရရှိထားသော ဧက(၂၆၀၀နှင့် ၃၀၀၀)ထက် မပိုသေးကြောင်း ကျေးရွာတာဝန်ခံက ပြောကြားခဲ့ပါတယ်။ တောင်သူလယ်သမားများသည် ပုံစံ(၇) မရရှိနိုင်သောကြောင့် စိုက်ပျိုးရေးတွင် ရင်းနှီးမြုပ်နှံရန်အတွက် ပြင်ပမှ ငွေတိုး(၁၀/-)အတိုး နှုန်းဖြင့် ချေးယူပြီး လုပ်ကိုင်ဆောင်ရွက်နေရဆဲ အကြွေးသံသရာ လည်ပတ်နေရဆဲ ဖြစ်နေကြပါတယ်။

အကယ်၍ နိုင်ငံတော်အစိုးရက တောင်သူအကျိုးစီးပွားကို မျှော်ကိုးပြီး အကောင်းဆုံး ဆောင်ရွက်ပေးခဲ့နိုင်ပါက တောင်သူ တစ်ဦးချင်းစီ၏ ဝင်ငွေများတိုးပွားလာပြီး ၎င်းတို့၏ဘဝ သာယာ လှပလာမည်ဖြစ်ပါတယ်။ အချို့သောဒေသများတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလျှဉ်းသင့်သူတစ်ချို့သည် အမှန်တကယ် လယ်ယာမြေလုပ်ကိုင်ခြင်းမရှိဘဲ ပုံစံ(၇)ရယူထားကြ ပြီး စိုက်ပျိုး စရိတ် ချေးငွေများ ထုတ်ယူလျက်ရှိနေသည်ကို တွေ့မြင်သိကြားရ ပါတယ်။ အမှန်တကယ် လယ်ယာမြေလုပ်ကိုင်သော တောင်သူအများစုသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇)ရရှိရန် ဆောင်ရွက် ရာတွင် နှောင့်နှေးကြန့်ကြာ မှုများ မကြာသင့်ပါဘဲ ကြန့်ကြာနေကြသည်လည်းရှိပါတယ်။ ထို့ကြောင့် နိုင်ငံသားများ၏ တန်းတူ အခွင့်အရေး ဆုံးရှုံးနေရခြင်း များသည် စိတ်မကောင်းဖွယ်ရာ များပင်ဖြစ်တယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များရှင့် ဤလိုဖြစ်စဉ်များ ရှမ်းပြည်နယ်အတွင်းရှိ အခြားသောမြို့နယ်များတွင်လည်း ဖြစ်နေလိမ့်မည်ဟု ယူဆမိပါ တယ်။ တောင်သူလယ်သမားများအတွက် အထက်ဖော်ပြပါဖြစ် စဉ်၊ ဖြစ်ရပ်များ နောင်မဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ရပ်စောက် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် တင်သွင်းသော “ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုမျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကို ၂၀၁၂ခုနှစ်၊ လယ်ယာမြေ ဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း” အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဒေါ်မေရီချို့က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မေရီချို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်၏ “ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွား ကိုမျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ်

လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက် ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း” အဆိုကို မိမိတို့ မြို့နယ်၏ အခြေအနေနှင့် နှိုင်းယှဉ်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဖယ်ခုံမြို့နယ်တွင် နေထိုင်ကြသော ပြည်သူလူထုအများစုမှာ စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြသော တောင်သူများဖြစ်ပါတယ်ရှင်။ ဖယ်ခုံမြို့နယ် အတွင်း မြေအမျိုးအစား အလိုက် အသုံးချမှုအခြေအနေနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးမှုအခြေအနေ တင်ပြရမည် ဆိုလျှင် မြို့နယ်မြေဧရိယာစုစုပေါင်း (၅၁၁၃၈၃)ဧကတွင် မြေရိုင်း၊ တောရိုင်းမြေ၊ ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော၊ ကျန်အခြားမြေများကို ချန်လှပ်ထားပြီး၊ စိုက်ပျိုးမြေများကို တင်ပြရမည်ဆိုလျှင် ဥယျာဉ်မြေ(၂၁၀၁)ဧက၊ တောင်ယာမြေ(၁၄၁၂) ဧက၊ လယ်မြေ (၁၀၈၇၂)ဧက၊ ယာမြေ (၂၉၀၀၇)ဧက ရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇) ထုတ်ပေးမှုအခြေအနေများမှာ တောင်သူပေါင်း (၁၆၂၄၉)ဦး အတွက် လျှောက်ထားဧရိယာမှာ (၄၈၈၉၀)ဧက၊ တောင်သူပေါင်း (၆၁၁၂)ဦးအတွက် ထုတ်ပေးပြီး ဧရိယာမှာ (၁၄၀၆၆)ဧက၊ တောင်သူပေါင်း(၇၅၈)ဦးအတွက် ဆောင်ရွက်ဆဲ ဧရိယာမှာ (၁၆၆၁) ဧကနှင့် တောင်သူပေါင်း (၉၃၇၉)ဦး အတွက် ထုတ်ပေးရန် ကျန်ရှိသော ဧရိယာမှာ(၃၃၈၂၄)ဧက ဖြစ်ပါတယ်ရှင်။

ဖယ်ခုံမြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးမှု ရာခိုင်နှုန်းမှာ (၂၈%) ကျော်သာ ရှိပါတယ်ရှင်။ လျှောထားချက်ကို မပြည့်မီသော်လည်း ယခုထုတ်ပေးထားသော အရေအတွက်ထက် (၃)ဆ ပိုမိုထုတ်ပေးနိုင်ပါက အမှန်တကယ် စိုက်ပျိုးတောင်သူများ ပိုမိုအကျိုးရှိစေမှာ ဖြစ်ပါတယ်။ ယခုလက်ရှိ တောင်သူများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) လျှောက်ထားလိုသော်လည်း ဖယ်ခုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာမှု မပြုလုပ် နိုင်ခြင်းနှင့် အချိန်ကြာမြင့် ခြင်း တို့ကြောင့် စိုက်ပျိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးလျက်ရှိသော စိုက်ပျိုးစရိတ်ချေးငွေသည် ပုံစံ(၇)မရရှိသော တောင်သူများကို ချေးငွေမပေးသည့်အတွက် တောင်သူများမှာ များစွာ အခွင့်အရေးဆုံးရှုံးနေသည်ကို တွေ့ရှိရပါတယ်။ ဖယ်ခုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ ဝန်ထမ်း အင်အား မှာလည်း ရုံးဖွဲ့စည်းပုံမပြည့်သည်ကို တွေ့ရှိရပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံမှာ (၂၇)ဦးဖြစ်ပြီး လက်ရှိခန့်ထား ဦးရေမှာ (၁၆)ဦး သာရှိပြီး လစ်လပ်(၁၁) ဦးဖြစ်ပါတယ်။ လစ်လပ်နေသော ဝန်ထမ်းနေရာများကိုလည်း ဖြည့်စွက်ခန့်ထားပေးနိုင်ရန် တစ်ပါတည်း ဆွေးနွေးတင်ပြလိုပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို ပိုမိုထုတ် ပေးနိုင်ပါက အမှန်တကယ် စိုက်ပျိုးသူ တောင်သူများနှင့်၎င်းတို့ကို မှီခိုနေသော မိသားစုဝင်များ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်သော သွင်းအားစုလုပ်ငန်းရှင်များလည်း များစွာအကျိုးရှိ မှာဖြစ်ပါတယ်။ တစ်ဖက်တစ်လမ်းမှလည်း ဒေသဖွံ့ဖြိုးမှုကို များစွာ အထောက်အကူ ဖြစ်သောကြောင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခိုင်ညီညီကျော် ၏အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးမင်းမင်းသိန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။**လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကအခြေခံကာ ရပ်တည်နေ ရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍဟာ အင်မတန်အရေးကြီးလှပါတယ်။ ခေတ်အဆက် ဆက် တောင်သူလယ်သမားများရဲ့ ဘဝဟာ လယ်ယာမြေလုပ်ပိုင် ခွင့်ပုံစံ (၇)ကို ရရှိထားသူ နည်းပါးနေတာကို ဝမ်းနည်းစွာ တွေ့ရှိ ရပါတယ်။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေတွင် ပုံစံ(၇)ထုတ်ယူရန် အဆင့်ဆင့်ကို သတ်မှတ်ထားသော်လည်း အမှန်တကယ် ဆောင်ရွက်ရာဝယ် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသည်ကို နေရာတော်တော် များများမှာ တွေ့ရှိနေရ ပါတယ်။

နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးစားစရိတ် ထုတ်ချေးပေးရာ တွင်လည်း ပုံစံ(၇)ရှိသူများမှသာ ရရှိသည့်အတွက် ပုံစံ(၇) မရှိသော တောင်သူများမှာ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးနေရလို့ ဖြစ်နေ သည်ဟု တောင်သူများထံမှ ခံစားနေရသည်ကို သိရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၈)လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ပြုလုပ်ရာတွင် တစ် နေရာနှင့် တစ်နေရာ ဆောင်ရွက်ရတာမတူတာကိုလည်း တွေ့ ရှိရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်နှင့် နီးစပ်နေတဲ့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကသာနယ်မှ တောင်သူများမှာ ပုံစံ(၇)ရရှိမြန်ဆန်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်ဘက်တွင် လုပ်ဆောင်ရာ သူတို့လောက် မမြန်တာကို တွေ့ရှိရပါတယ်။ နယ်မြေဒေသအကွာအဝေးချင်း မတူညီတာကို နားလည်နိုင်သော်လည်း ဌာနဆိုင်ရာ တာဝန်ရှိ သူများရဲ့ ခေတ်အဆက်ဆက် အားနည်းခဲ့တာဟာလည်း တစ်စိတ် တစ်ဒေသ ပါဝင်ပါတယ်။ တစ်ချို့သောသူများမှာလည်း လယ်ယာ မြေအမှန် တကယ်မလုပ်ဆောင်ဘဲ ပုံစံ(၇)ရရှိထားပြီး အမှန်တကယ်လုပ်ဆောင်သူများမှာ ပုံစံ(၇) လျှောက်ထားသော်လည်း ရရှိဖို့ လပေါင်းများစွာ ကြာသည်အထိ မရရှိဘဲ ဖြစ်နေတာတွေ တွေ့ရှိရ ပါတယ်။

သို့ဖြစ်ပါ၍ "ရှမ်းပြည်နယ်အတွင်း တောင်သူ လယ်သမား များ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထား ရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေး စီမံချက်ရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုကိုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက် ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံမှာ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ် ကူးပြောင်း နေချိန်ဖြစ်သလို တောင်သူလယ်သမားများ အကျိုးစီးပွားမြှင့်တင်ကာကွယ်ရေး ဥပဒေများကိုလည်း ပြန်လည် ပြင်ဆင်သည့် ဥပဒေများ ပြဋ္ဌာန်းပြီး ဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများ အတွက် စိုက်ပျိုးစရိတ် အရင်းအနှီးများဖြစ်တဲ့ စိုက်ပျိုးစရိတ် ချေးငွေများကို ယခင်ကထက် တိုးမြှင့်ပေးခြင်း၊ လယ်ယာလုပ်သား ရှားပါးမှုများအတွက် လုပ်ငန်းသုံးစက်ကိရိယာများကို အရစ်ကျ စနစ်ဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးနေသလို ယခုအခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကမြန်မာ့လယ်ယာမြေဖွံ့ဖြိုးဘဏ် နှင့် ပူးပေါင်း၍ နှစ်စဉ်ချေးငွေစီမံကိန်း

(JICA Two Step Loan) အစီအစဉ်များ ပြန်လည်ဆောင်ရွက်ပေးနေချိန်လည်းဖြစ်ပြီး တောင်သူလယ်သမားများမှ မိမိတို့လုပ်ကိုင်နေသော လယ်ယာမြေများနှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေပါ အခွင့်အရေးများကို သဘောပေါက်လာပြီး လယ်ယာမြေလုပ်ပိုင်ခွင့်များရရှိရန် လျှောက် ထားလာကြပြီလည်း ဖြစ်ပါတယ်။

သို့သော်လည်း တောင်သူလယ်သမားများ အဆိုပါ အခွင့်အရေးများ ရရှိပါရန် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိမှသာ အဆိုပါအခွင့်အရေးများလည်း ရရှိမှာဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လျှောက်ထားမှုများ ပိုမိုများပြားလာပြီး ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒနှင့်အညီ ဆောင်ရွက်ရာတွင်လည်း မှတ်ပုံတင်ကြေးကျပ်(၅၀၀)သာ ကုန်ကျခြင်းများကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရေးအတွက် ပိုမိုလျှောက်ထားလာခြင်းလည်း ဖြစ်ပါတယ်။

ထိုသို့လျှောက်ထားရာတွင် လယ်ယာမြေဥပဒေ သတ်မှတ်ချက်နှင့်အညီ သတ်မှတ်ရက်အတွင်း ဆောင်ရွက်ပေးရမည်ဟု ညွှန်ကြားထားကိုလည်း သိရှိရပါတယ်။ ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာခြင်းများအပေါ် ယခုလို အဆိုပေါ် ပေါက်လာ တယ်လို့ မြင်မိပါတယ်။

၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထား လာသောမြေဟာ စာရင်းမြေပုံမြေယာများ စီမံခန့်ခွဲမှု ပြုလုပ်ရာတွင် စာရင်းမြေပုံရှိသော မြေနေရာကိုသာ စီမံခန့်ခွဲရခြင်းဖြစ်ပြီး စာရင်း မြေပုံမရှိသော မြေဧရိယာကို စီမံခန့်ခွဲမရကြောင်း သိရှိရပါတယ်။

မြေယာစီမံခန့်ခွဲမှုကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသူများမှာလည်း သက်ဆိုင်ရာ ဌာနအသီးသီးမှ ဝန်ထမ်းများဖြစ်ပါတယ်။ ဝန်ထမ်းဆိုသည်မှာ ဥပဒေလုပ်ထုံး လုပ်နည်းများအတိုင်း လိုက်နာရသူများဖြစ်ပါတယ်။

မြေစာရင်းမြေပုံယူဆောင်လာခြင်း လုပ်ငန်းကိုလည်း ဦးစားပေးကိစ္စအဖြစ် သတ်မှတ်ပြီး အဆိုပါ လုပ်ငန်းများအတွက် ဘတ်ဂျက်များကို နှစ်စဉ်အလိုက် စနစ်တကျ တိုးမြှင့်သုံးစွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။

ထုတ်ပေးထားပြီးဖြစ်သည့် ပုံစံ(၇) များကိုလည်း မြေယာဥပဒေအတိုင်း လုပ်ကိုင်နေခြင်းရှိ/မရှိ စိစစ်ဖို့လိုအပ်ပြီး ဗဟိုမှ မည်မျှပင် ဥပဒေအတိုင်းမဆောင်ရွက်ပါက အရေးယူ ဆောင်ရွက်ရန် ညွှန်ကြားလျက် ရှိသော်လည်း အောက်ခြေ အဆင့်ဆင့်တွင် ထိုသို့လုပ်ဆောင်မှု မရှိကြောင်းကို နေရာအနှံ့ အပြားတွင် လယ်ယာမြေများအပေါ် ဥပဒေမဲ့ဆောင်ရွက်နေခြင်း များကို တစ်နေ့တစ်ခြား ပိုမိုတွေ့ရှိလာရခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခိုင်ညီညီကျော်၏ အဆိုကို ထောက်ခံဆွေးနွေး အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်စိုးရအဖွဲ့ဝင် ဝန်ကြီးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးခိုင်ညီညီကျော် တင်သွင်းလာတဲ့ အဆိုနှင့်စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်လျှောက်ထားခြင်းနှင့် ပတ်သက်၍ လယ်ယာမြေလုပ်ပိုင် ခွင့် စတင်လျှောက်ထားသည်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇)ရရှိသည်

အထိ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်အနေဖြင့်အောက်ပါ အတိုင်း အဆင့်ဆင့် စိစစ်ဆောင်ရွက်ပေး လျက်ရှိပါတယ်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိလိုသူသည် လယ်ယာ မြေလုပ်ပိုင်ခွင့် လျှောက်လွှာ(ပုံစံ-၁)ကို သက်ဆိုင် ရာ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံ ခန့်ခွဲမှု အဖွဲ့သို့ လျှောက်ထားခြင်း၊

( ခ) ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သည် လျှောက်လွှာကိုစိစစ်၍ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ ထောက်ခံချက်ဖြင့် ပေးပို့ခြင်း၊

( ဂ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးသည် လျှောက်လွှာအား ပြည့်စုံမှု ရှိ/ မရှိစိစစ်၍ ပြည့်စုံမှုမရှိသော လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ(ပုံစ-၁)များကို ရပ်ကွက်/ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ပြန်လည် ပေးအပ်၍ ပြည့်စုံအောင် ဆောင်ရွက် စေခြင်း၊ ပြည့်စုံပြီးဖြစ်သော လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာများကို မှတ်ပုံတင်စာရင်း (ပုံစံ-၃) တွင် စနစ်တကျမှတ်တမ်းရေးသွင်းခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲဖွင့်လှစ်၍ လယ်ယာ မြေလုပ်ပိုင်ခွင့် လျှောက်ထားမှုအပေါ် ကန့်ကွက်နိုင်ကြောင်း ကို ကန့်ကွက်လွှာ ခေါ်ယူခြင်း၊

(ဃ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးသည် ကန့်ကွက်ချက် တစ်စုံတစ်ရာ ရရှိ လျှင် ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေး ခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြရန် အကြောင်းကြားခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှ ကန့်ကွက်ချက်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနသို့ ပြန်လည်တင်ပြခြင်း၊

( င) မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသည် ယင်းကန့်ကွက်ချက် အပေါ် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်အား ကျိုးကြောင်း ဆီလျော်မှု ရှိ/မရှိ စိစစ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပြုသင့်သူ/ငြင်းပယ်သင့်သူတို့ကို သဘောထားမှတ်ချက်နှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲအား မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

( စ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို စိစစ်၍ သဘောထား မှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေ လုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲကို ထပ်ဆင့် စိစစ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း(သို့မဟုတ်) ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနသို့ အကြောင်းကြားခြင်း၊

( ဇ) မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူကို ဦးပိုင်လုပ်ကွက် တစ်ခုအတွက် မှတ်ပုံတင်ကြေး (၅၀၀)ကျပ်ကို မြို့နယ် မြန်မာ့ စီးပွား ရေးဘဏ်ခွဲသို့ ပေးသွင်းစေပြီး လုပ်ငန်း စာတွဲအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြဆောင် ရွက်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ငြင်းပယ်ခံရသူကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ တင်ပြခြင်း၊

(ဈ ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇)ထုတ်ပေးခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခံရသူကို ငြင်းပယ်ကြောင်း အကြောင်း ကြားခြင်းများ ဆောင်ရွက်ရ ပါတယ်။

ရှမ်းပြည်နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း နှင့် လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းပမာဏမှာ တောင်သူ (၆၉၈၃၁၄) ဦး၊ ဦးပိုင်(၈၈၃၄၄၅)ဦးပိုင်၊ ဧရိယာ(၂၇၉၃၅၂၆)ဧက ရှိပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးပြီးစီးမှုမှာ တောင်သူ(၃၂၂၆၆၀)ဦး၊ ဦးပိုင်(၄၁၈၃၅၀) ဦးပိုင်၊ ဧရိယာ(၁၀၇၈၀၃၁)ဧက ထုတ်ပေးခဲ့ပြီး တောင်သူ(၃၇၅၆၅၄) ဦး၊ ဦးပိုင်(၄၆၅၀၉၅)ဦးပိုင်၊ ဧရိယာ(၁၇၁၅၄၉၅)ဧက ဆောင်ရွက်ရန် ကျန်ရှိ၍ ရာခိုင်နှုန်းအားဖြင့် (၄၇%) ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ် ပါကြောင်း၊ ရာနှုန်းပြည့်ပြီးစီးရေးအတွက် ရှမ်းပြည်နယ် လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ် ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးပြီးစီးမှုအပေါ် ပြန်လည်စိစစ်ခြင်းလုပ်ငန်း များကိုလည်း စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ဆက်လက် ထုတ်ပေးနိုင်ရေးအတွက် ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနများအနေဖြင့် ဒေသခံတောင်သူများ လက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ အမြန် ထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)တို့၏ လုပ်ငန်းညွှန်ကြားချက်များ နှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်၍ အသိပညာပေးခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးရန် ကျန်ရှိသည့်လုပ်ငန်းပမာဏအနက် မြေမတိုင်းတာရသေးခြင်း ကြောင့် ပုံစံ(၇)ထုတ်ပေးနိုင်ခြင်း မရှိသည့်အပေါ် တိုင်းတာဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးများသို့ ပုံစံ-၁ များ ဖြန့်ဝေခြင်းနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းပမာဏ အပေါ် လအလိုက်စီမံချက်များရေးဆွဲ၍ အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ဆက်လက် ထုတ်ပေးနိုင်ရေးအတွက် ကြုံတွေ့ရသည့် အခက်အခဲများမှာ-

(က) ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များအနေဖြင့် နယ်မြေဒေသ လုံခြုံရေးကောင်းမွန်သော နေရာဒေသအားလုံးနီးပါးတွင် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးပြီးဖြစ်သော်လည်း နယ်မြေဒေသလုံခြုံရေးအခြေအနေ ကောင်းမွန်မှုမရှိသောဒေသများသို့ ကွင်းဆင်းဆောင်ရွက်နိုင်မှုမရှိသဖြင့် ကျန်နေခြင်း၊

( ခ) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိသူများအနေဖြင့် လယ်ယာမြေဥပဒေပုဒ်မ၉၊ ပုဒ်မခွဲ(ခ) ပါအခွင့်အရေးများ အပြည့်အဝမရှိ သေးသည့်အတွက် ဆက်လက်လျှောက်ထားမည့် တောင်သူများမှ စိတ်ပါဝင်စားမှု မရှိခြင်း။

( ဂ) ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးရာတွင် ဘာသာစကား အခက် အခဲကြောင့် စာရင်းကောက်ယူရန် ခက်ခဲခြင်း၊

(ဃ) ဒေသတောင်သူများအနေဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိရန်အတွက် အုပ်စုတာဝန်ခံ မြေတိုင်းစာရေးများ ကွင်းဆင်း၍ စာရင်းကောက်ယူသော်လည်း တောင်သူများမှ စိတ်ပါဝင်စားမှုမရှိခြင်းကြောင့် ပုံစံ(၁)ဖြင့် လျှောက်ထားလာမှုမရှိခြင်း၊

( င) မူလတောင်သူပိုင်ရှင်မဟုတ်ဘဲ အငှားချထား သောတောင်သူများမှ လာရောက်လျှောက်ထားလာသဖြင့် ပြန်လည်စိစစ်ဆောင်ရွက်နေရခြင်းနှင့် မြေတိုင်းစာရေးတစ်ဦးလျှင် ကျေးရွာအုပ်စု(၃) အုပ်စု၊ (၄)အုပ်စု ပူးတွဲတာဝန်ယူ၍ စာရင်း တောင်းခံနေရခြင်း၊

သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အဆိုနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များနှင့် အညီ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ရာနှုန်းပြည့် ရရှိစေရေးအတွက် စီမံချက်များရေးဆွဲပြီး အထူးအလေးထားဆောင်ရွက်လာပါကြောင်းနှင့် အဆိုကိုလည်း အတည်ပြုပေးသင့်ပါတယ်။ မြို့နယ်အသီးသီးတွင် ပုံစံ(၇)များ ထုတ်ပေးရန် ကျန်ရှိသည့်ဧရိယာများရှိပါက အမြန်ဆုံးထုတ်ပေးနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်ကြီးများမှလည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုနှင့်ပတ်သက်ပြီး အတည်ပြုသင့်ပါကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် တင်သွင်းသည့်အဆိုကို အတည်ပြုရန်အတွက် လွှတ်တော်၏ ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် တင်သွင်းသည့် အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကသဘောတူသည့်အတွက် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်၏ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။